# ဖွင့်ဟပြောဆိုမှုအတွက် မူဝါဒ

## တစ်စုံတစ်ခုမှာ မမှန်ကန်သည့်အခါ မကြောက်မရွံ့ဖွင့်ဟပြောဆိုခြင်းနှင့် ဖွင့်ဟပြောဆိုသူများအပေါ် အကာအကွယ်ပေးခြင်းဆိုင်ရာ လုပ်ရိုးလုပ်စဉ်တစ်ခုကို အားပေးအားမြှောက်ပြုခြင်းအား BLUESCOPE သည် တာဝန်ခံထားပါသည်။

## သင့်အပေါ် ကျွန်ုပ်တို့၏ ကတိခံချက်

BlueScope တွင် ကျွန်ုပ်တို့လုပ်သည့် အရာအားလုံး၌ သာနာမှုတစ္စာ၊ ကျင့်ဝတ်နှင့်ညီညွတ်စွာ နှင့် ရိုးသားတည်ကြည်စွာဖြင့် ဆောင်ရွက်ခြင်းကို ကျွန်ုပ်တို့ ကတိခံထားပါသည်။ အမြင့်အမားဆုံး စံနှုန်းဆိုင်ရာ လုပ်ရပ်အတွက် ကြိုးပမ်းရာ၌ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏လူများနှင့်တကွ ကျွန်ုပ်တို့နှင့်အပြန်အလှန်ဆက်ဆံသည့်သူများအား ၎င်းသူတို့အနေဖြင့် လုပ်ရပ်တစ်ခု သို့မဟုတ် ဆုံးဖြတ်ချက်တစ်ရပ်မှာ မမှန်ကန်ကြောင်း၊ **ကျွန်ုပ်တို့၏ ခံဝန်ချုပ်** နှင့် မအပ်စပ်ကြောင်း၊ သို့မဟုတ် **စီးပွားလုပ်ငန်းဆိုင်ရာ လုပ်ရပ် လမ်းညွှန်** သို့မဟုတ် ဥပဒေ နှင့်မညီညွတ်ကြောင်း ထင်မြင်သည့်အခါ မကြောက်မရွံ့ဖွင့်ဟပြောဆိုရန် တိုက်တွန်းပါသည်။

ကျွန်ုပ်တို့သည် အမှန်တကယ် စိုးရိမ်မှုများကို တင်ပြသည့်သူများအပေါ် လေးစားမှုဖြင့် ဆက်ဆံပြုမူပေးမည်ကို ကတိခံပြီး ၎င်းသူတို့အား ပံ့ပိုးပေးပြီး အကာအကွယ်ပေးမည်ဖြစ်ကြောင်း သေချာစေပါမည်။

## မူဒါဒကို ကျင့်သုံးခြင်း

၎င်းသည် အုပ်စုလိုက်အဆင့်ရှိ မူဝါဒတစ်ခုဖြစ်သည်။ ၎င်းသည် BlueScope Steel Limited ၊ ၎င်း၏လက်အောက်ခံလုပ်ငန်းများ နှင့် ၎င်းနှင့်ဆက်စပ်နေသည့်လုပ်ငန်းများက လုပ်ကိုင်လည်ပတ်သည့် စီးပွားရေးလုပ်ငန်းအားလုံးနှင့် သက်ဆိုင်သည်။

ဤမူဝါဒ သက်ဆိုင်သည်မှာ-

- လက်ရှိ နှင့် ယခင် အရာရှိများ၊ အလုပ်သမားများနှင့် ကန်ထရိုက်ယူလုပ်သူများ-
- လက်ရှိ နှင့် ယခင် ကုန်ပစ္စည်းများနှင့်ဝန်ဆောင်မှုများ ဖြန့်ချိသူများ (အခဖြင့် သို့မဟုတ် အခမဲ့) နှင့် ၎င်းသူတို့၏ အလုပ်သမားများ- ထို့ပြင်
- အထက်ဖော်ပြပါအုပ်စုများရှိ တစ်ဦးဦး၏ ဆွေမျိုး သို့မဟုတ် မှီခိုသူ တစ်ဦးတို့ဖြစ်သည်။

## မည်သည်ကို သတင်းပို့ရမည်

အကယ်၍ BlueScope သို့မဟုတ် ၎င်း၏လူများထဲမှတစ်ဦးဦးသည် အောက်ဖော်ပြပါ လုပ်ရပ်များကို လုပ်ခဲ့သည် သို့မဟုတ် လုပ်နေသည်ဟု သင့်တွင် သံသယဖြစ်ရန် သင့်တင့်လျောက်ပတ်သော အကြောင်းရင်းများရှိလျှင် သင် သတင်းပို့ရလိမ့်မည်-

- မရိုးသားသော၊ လိမ်လည်လှည့်ဖြားသော သို့မဟုတ် အကျင့်ပျက်ခြစားသော (လာဘ်ပေးလာဘ်ယူ သို့မဟုတ် BlueScope ၏ လာဘ်ပေးလာဘ်ယူ ဆန့်ကျင်ရေး နှင့် အကျင့်ပျက်ခြစားမှုဆိုင်ရာ မူဝါဒကို ဖောက်ဖျက်သည့် အခြား လှုပ်ရှားမှုအပါအဝင်) လုပ်ရပ်
- တရားဥပဒေနှင့် ဆန့်ကျင်သော လုပ်ရပ် (စီးပွားယှဉ်ပြိုင်မှု၊ လာဘ်ပေးလာဘ်ယူ ဆန့်ကျင်ရေး၊ ခွဲခြားဆက်ဆံရေး သို့မဟုတ် အခြား ဥပဒေများကို ချိုးဖောက်နိုင်ကောင်းသည့် လုပ်ရပ် အပါအဝင်)
- ကိုယ်ကျင့်တရားနှင့်ဆန့်ကျင်သော သို့မဟုတ် ကျွန်ုပ်တို့၏ ခံဝန်ချုပ်၊ BlueScope ၏ စီးပွားလုပ်ငန်း လုပ်ရပ် လမ်းညွှန် သို့မဟုတ် အခြားသော BlueScope မူဝါဒ သို့မဟုတ် လုပ်ထုံးလုပ်နည်းကို ဖောက်ဖျက်သော လုပ်ရပ်
- လူတစ်ဦးဦး၏ ကျန်းမာရေး သို့မဟုတ် ဘေးကင်းလုံခြုံရေးကို အန္တရာယ်ဖြစ်စေသော လုပ်ရပ်
- BlueScope အပေါ် ငွေကြေးဆိုင်ရာ ဆုံးရှုံးမှုဖြစ်စေနိုင်သော သို့မဟုတ် ၎င်း၏ ကျော်ဇော်သတင်းကို ပျက်စီးစေနိုင်သော သို့မဟုတ် BlueScope ၏ အကျိုးစီးပွားအပေါ် အခြားသော ဆိုးကျိုးဖြစ်စေနိုင်သော လုပ်ရပ် သို့မဟုတ်
- အခြားသော လက်မခံနိုင်သောအပြုအမူ အမျိုးအစား တစ်ခုခု သို့မဟုတ် မသင့်လျော်သော ကိစ္စ သို့မဟုတ် မသင့်လျော်သော အခြေအနေများ ပါဝင်ပတ်သက်နေသည့် လုပ်ရပ်

သင့်အနေဖြင့် တင်ပြမည့် ပြဿနာကြောင့် တိုက်ရိုက်ထိခိုက်ခံရရန် မလိုအပ်ပါ။ စိုးရိမ်ရမည့်အချက်များကို တင်ပြသည့်အခါ ၎င်းသည် ကျွန်ုပ်တို့အား အဆိုပါကိစ္စကို ဖော်ထုတ်ရန် နှင့် ဖြေရှင်းပေးရန် အပြင် ကျွန်ုပ်တို့၏ လုပ်ကိုင်ပုံကို တိုးတက်အောင်လုပ်ရန် အထောက်အကူပြုပါသည်။

စိုးရိမ်ရမည့်အချက်ကို သင် သတင်းပို့သည့်အခါ ကျွန်ုပ်တို့သည် သင့်အား ရိုးသားပြီးပွင့်လင်းကာ တတ်နိုင်သမျှ စိုးရိမ်ရမည့်အချက်နှင့်ပတ်သက်ပြီး သတင်းအချက်အလက် များနိုင်သမျှများအောင် တင်ပြရန် တိုက်တွန်းပါသည်။

## မည်သို့ သတင်းပို့တိုင်တန်းရမည်

အလုပ်သမားများကို မိမိတို့၏ မန်နေဂျာ၊ BlueScope ၏ လူများအဖွဲ့ သို့မဟုတ် BlueScope ဥပဒေဆိုင်ရာ အဖွဲ့မှ အဖွဲ့ဝင်တစ်ဦးထံ မကြောက်မရွံ့ဖွင့်ဟပြောဆိုရန် တိုက်တွန်းပါသည်။

အချို့သော အခြေအနေများတွင် သင့်အနေဖြင့် မိမိတို့၏ မန်နေဂျာထံ ပြောဆိုရာတွင်ဖြစ်စေ သို့မဟုတ် လုပ်ငန်း ပုံမှန် လမ်းကြောင်းများအရ ကိစ္စတစ်ခုကို သတင်းပို့ရာ၌ဖြစ်စေ သက်သောင့်သက်သာ မရှိကောင်း မရှိနိုင်ကြောင်း ကျွန်ုပ်တို့ နားလည်ပါသည်။ ဤသို့ဖြစ်လျှင် သင်သည် သတင်းပို့တိုင်တန်းနိုင်သည်မှာ-

- သင်၏ ဒေသခံ ကျင့်ဝတ်နှင့်လိုက်နာရေးဆိုင်ရာ ကိုယ်စားလှယ်ကို **ဆက်သွယ်ခြင်းအားဖြင့် တိုင်တန်းနိုင်သည်**; ကျင့်ဝတ်နှင့်လိုက်နာရေးဆိုင်ရာ အဖွဲ့သို့ အီးမေးလ်ကို **(ethics@bluescope.com) ဖြင့်ပို့ခြင်းဖြင့် တိုင်တန်းနိုင်သည်**; သို့မဟုတ်
- **BlueScope ၏ စီးပွားလုပ်ငန်း လုပ်ရပ် သတင်းပို့တိုင်တန်းရေး** တိုက်ရိုက်ဖုန်းလိုင်းကို ဆက်သွယ်ခြင်း

**BlueScope ၏ စီးပွားလုပ်ငန်း လုပ်ရပ် သတင်းပို့တိုင်တန်းရေး တိုက်ရိုက်ဖုန်းလိုင်း** ရုံးပြင်ပအားဖြင့် စီမံဆောင်ရွက်သည့် ဝန်ဆောင်မှုတစ်ခုဖြစ်ပြီး တစ်နေ့ 24 နာရီ၊ တစ်ပတ် 7 ရက် ရရှိနိုင်ပါသည်။ တိုက်ရိုက်ဖုန်းလိုင်းသို့ တိုင်တန်းချက်များကို အမည်မဖော်သူအားဖြင့် တိုင်နိုင်ပါသည်။

အကယ်၍ သင့်တွင် အလုပ်နှင့်ဆက်စပ်သည့် ကိုယ်ပိုင် မကျေနပ်ချက် (သင်နှင့်အခြား အလုပ်သမားအကြား အငြင်းပွားမှုတစ်ခု၊ သင့်အား ပြောင်းရွှေ့ပေးမှုနှင့်ပတ်သက်သည့် ဆုံးဖြတ်ချက်တစ်ခု သို့မဟုတ် သင့်အလုပ်အကိုင် သတ်မှတ်ချက်များနှင့်စည်းကမ်းချက်များ ကဲ့သို့) ရှိလျှင် ၎င်းတို့ကို သင့် မန်နေဂျာ သို့မဟုတ် BlueScope's လူများအဖွဲ့၏ အဖွဲ့ဝင်တစ်ဦး သို့မဟုတ် သက်ဆိုင်သည့် **လူများ မူဝါဒ** အရ တင်ပြရလိမ့်မည်။

ဤမူဝါဒရှိ မည်သည့်အရာကမျှ စိုးရိမ်ရသည့်အချက်တစ်ရပ်ကို သင့်တော်သည့် အစိုးရအာဏာပိုင်သို့ တိုင်တန်းခြင်းမှ သို့မဟုတ် သင့်အခွင့်အရေးများနှင့်ပတ်သက်၍ ဥပဒေအကြံဉာဏ် တောင်းခံခြင်းမှ သင့်ကို တားဆီးမည် မဟုတ်ပါ။

**BSL-LGL-P-02-01**
Revision: 0
Issued: July 2019

# ဖွင့်ဟပြောဆိုမှုအတွက် မူဝါဒ

## ကျွန်ုပ်တို့ သင့်အား မည်သို့ကာကွယ်ပေးသည်

BlueScope သည် ဤမူဝါဒအရ မကြောက်မရွံ့ဖွင့်ဟပြောဆိုသည့်အားလုံးသော လူများအား အကာအကွယ်ပေးရန် တာဝန်ခံထားပါသည်။

ဩစတြေးလျနိုင်ငံအပါအဝင် ကျွန်ုပ်တို့ လုပ်ငန်းလည်ပတ်သည့် အချို့နိုင်ငံများတွင် သံသယမကင်းသည့် လက်မခံနိုင်သောလုပ်ရပ်ကို သတင်းပို့တိုင်တန်းသည့်လူများအတွက် ရရှိနိုင်သော သီးသီးခြားခြား အကာအကွယ်ပေးမှုများ ရှိကြောင်းရှိနိုင်ပါသည်။ ပိုမိုသိရှိလိုသော အချက်များကို အင်တာနက်မှတစ်ဆင့် သင့် သက်ဆိုင်ရာ စီးပွားလုပ်ငန်း နေရာ၌ တွေ့ရှိနိုင်ပါသည်။

## သင့်ကိုယ်ရေးလျှို့ဝှက်ထားရှိမှုကို အကာအကွယ်ပေးခြင်း

မကြောက်မရွံ့ဖွင့်ဟပြောဆိုခြင်းမှာ ရဲစွမ်းသတ္တိနှင့် ရိုးသားမှု လိုအပ်ကြောင်း ကျွန်ုပ်တို့ နားလည်ပြီး ဤမူဝါဒအရ တိုင်တန်းသည့် တိုင်ချက်များကို လျှို့ဝှက်စွာဖြင့် ကိုင်တွယ်ရန် ကျွန်ုပ်တို့ တာဝန်ခံထားပါသည်။

အကယ်၍ သင် တိုင်တန်းချက်တစ်ခုကို တိုင်တန်းလျှင် BlueScope အနေဖြင့် သင် မည်သူမည်ဝါဖြစ်ကြောင်းကို သင်၏ သဘောတူညီချက် မရှိလျှင် သို့မဟုတ် ဖော်ထုတ်ပေးမှုကို ဥပဒေအရ သတ်မှတ်ပြဌာန်းထားသည် မဟုတ်လျှင် သို့မဟုတ် ဥပဒေက ခွင့်ပြုထားသည် မဟုတ်လျှင် ထုတ်ဖော်ပေးမည် မဟုတ်ပါ။

ကျွန်ုပ်တို့အနေဖြင့် သင့်အကြောင်း (သို့သော်လည်း သင် မည်သူမည်ဝါဆိုသည် မဟုတ်) ကို အကယ်၍ သင့်တိုင်ချက်အား စုံစမ်းစစ်ဆေးရန်အတွက် သင့်တင့်လျောက်ပတ်စွာ လိုအပ်လျှင် ထုတ်ဖော်ပေးနိုင်ကောင်းသော်လည်း ကျွန်ုပ်တို့သည် သင် မည်သူမည်ဝါဖြစ်ကြောင်း ပေါ်လွင်မည်ဖြစ်သည့် အန္တရာယ်ကို လျှော့ချပေးရန် သင့်တော်သော အဆင့်အဆင့်အချက်အားလုံးကို ဆောင်ရွက်ပါမည်။ အချက်အလက်များကို ခွင့်ပြုချက်မဲ့သော ထုတ်ဖော်မှုတစ်ခုခုသည် ဤမူဝါဒကို ဖောက်ဖျက်ပါလိမ့်မည်။

အကယ်၍ သင်သည် BlueScope တွင် မည်သူတစ်ဦးတစ်ယောက်ကိုမျှ သင် မည်သူဆိုသည်ကို ထုတ်ဖော်ပေးရန် မလိုလားလျှင် သင့်အနေဖြင့် အမည်မဖော်လိုသူအနေဖြင့် တိုင်ချက်ကို **BlueScope ၏ စီးပွားလုပ်ငန်း လုပ်ရပ် တိုင်တန်းခြင်းဆိုင်ရာ တိုက်ရိုက်ဖုန်းလိုင်း ကိုဆက်သွယ်ခြင်းအားဖြင့် တိုင်တန်းနိုင်သည်။**

## ထိခိုက်နစ်နာစေသော ဆက်ဆံမှုပြုလုပ်ခြင်းမှ အကာအကွယ်ပေးခြင်း

BlueScope သည် သင့်အား ဤမူဝါဒအရ တိုင်ချက်တစ်ခုကို တိုင်တန်းခြင်းကြောင့် ထိခိုက်နစ်နာစေသော ဆက်ဆံမှုပြုလုပ်ခြင်းမှ အကာအကွယ်ပေးရန် တာဝန်ခံထားပါသည်။

ထိခိုက်နစ်နာစေသော ဆက်ဆံမှုပြုလုပ်ခြင်းမှာ ပုံစံအမျိုးမျိုးဖြင့်ဖြစ်နိုင်ပြီး ၎င်းတွင် ပါဝင်သည်မှာ-

- သင့် ရာထူးမှ ဖယ်ရှားခြင်း
- သင့်အား ဆိုးကျိုးသက်ရောက်စေရန် အလုပ်တာဝန်များကို ပြန်လည်သတ်မှတ်ပေးခြင်း
- ခွဲခြားဆက်ဆံခြင်း၊ အနှောင့်အယှက်ပေးခြင်း၊ နိုင်ထက်စီးနင်းခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်း
- စိတ်ပိုင်းဆိုင်ရာ ထိခိုက်နစ်နာစေမှု
- သင့် ဥစ္စာပစ္စည်း၊ ဂုဏ်သရေ သို့မဟုတ် ငွေကြေးဆိုင်ရာ အဆင့်အတန်းကို ပျက်စီးစေမှု သို့မဟုတ်
- မကြောက်မရွံ့ဖွင့်ဟပြောဆိုမှုနှင့်ဆက်စပ်သည့် အခြားသော ထိခိုက်မှုတစ်ခုခု သို့မဟုတ် မနစ်မြို့ဖွယ်ရာ ဆက်ဆံမှုတစ်ခုခု။

အဆိုပါ ထိခိုက်နစ်နာစေသည့် ဆက်ဆံပြုလုပ်မှုတစ်ခုခုသည် ဤမူဝါဒ၏ ကြီးလေးသော ဖောက်ဖျက်မှုတစ်ခုဖြစ်ပြီး ၎င်းကိုချက်ချင်း ဤမူဝါဒ၏ 'မည်သို့တိုင်တန်းရမည်' အခန်းကဏ္ဍအောက်၌ဖော်ပြထားသည့် နည်းလမ်းများအနက် တစ်ခုခုဖြင့် သတင်းပို့ရလိမ့်မည်။

BlueScope သည် ဤမူဝါဒအရ တိုင်တန်းချက်တစ်ခုနှင့် ဆက်စပ်သည့် တန်ပြန်မှု သို့မဟုတ် တန်ပြန်လုပ်ရပ်ကို သည်းခံမည် မဟုတ်သည့်အပြင် စည်းကမ်းပိုင်းဆိုင်ရာ အရေးယူမှုကို ဆောင်ရွက်မည်ဖြစ်သည်၊ ၎င်းအရေးယူမှုတွင် မကြောက်မရွံ့ဖွင့်ဟပြောဆိုသူအပေါ် သို့မဟုတ် စုံစမ်းစစ်ဆေးရေး၌ ပါဝင်လုပ်ဆောင်သူအပေါ် ထိခိုက်နစ်နာစေသော ဆက်ဆံပြုလုပ်မှု လုပ်ခဲ့ကြောင်း အထောက်အထားခိုင်လုံသည့် မည်သူ့ကိုမဆို အလုပ်ဖြုတ်ခြင်း ပါဝင်နိုင်သည်။

## သင့်အား ပံ့ပိုးပေးခြင်း

BlueScope သည် စုံစမ်းစစ်ဆေးရေး ဖြစ်စဉ် လုပ်နေစဉ်အတွင်း နှင့် လုပ်ပြီးနောက်ပိုင်းတွင် ကျွန်ုပ်တို့၏ ခံဝန်ချုပ်၊ ကျွန်ုပ်တို့၏ HSE & People မူဝါဒနှင့်တကွ ဥပဒေတို့နှင့်အညီ သင့်အား ပံ့ပိုးပေးရန် သေချာစေပါမည်။ ပံ့ပိုးမှုကို လူများအဖွဲ့မှတစ်ဆင့် ရရှိနိုင်ပါသည်။ သင့် ဒေသခံနယ်မြေ၌ BlueScope နှင့်ဆက်စပ်မှုမရှိဘဲ ပြင်ပရှိ တတ်ကျွမ်းသူ အခမဲ့ ပံ့ပိုးမှုကိုလည်း ရရှိကောင်း ရရှိနိုင်ပါသည်။ အသေးစိတ် အချက်အလက်များအတွက် သင့်ဒေသရှိ အင်တာနက် စာမျက်နှာကို ရည်ညွှန်းပါ သို့မဟုတ် လူများအဖွဲ့နှင့် စကားပြောဆိုပါ။

## တိုင်ချက်များကို ကျွန်ုပ်တို့ မည်သို့စုံစမ်းစစ်ဆေးသည်

ဤမူဝါဒအရ တိုင်တန်းသည့် တိုင်ချက်အားလုံးကို လေးလေးနက်နက်နှင့် လေးစားစွာဖြင့် ကိုင်တွယ်ပါမည်။ တိုင်ချက်တစ်ခုစီကို ဓမ္မဓိဋ္ဌာန်ကျကျ နှင့် မျှမျှတတ အပြင် တိုင်တန်းထားသည့် လုပ်ရပ်နှင့် အခြေအနေများ၏ သဘောသဘာဝကို သင့်တင့်သော နှင့် ထိုက်သင့်သလောက် ခြင့်ချိန်သော အခြားနည်းအရ စိစစ်ပြီး စုံစမ်းစစ်ဆေးပါမည်။

သင့်တော်သည့်ကိစ္စ၌ သင့်အား စုံစမ်းစစ်ဆေးမှု၏ စုံစမ်းဆဲအဆင့် နှင့်/သို့မဟုတ် ရလဒ်အဖြေနှင့်စပ်လျဉ်း၍ (တိုင်တန်းခံရသူများ၏ ကိုယ်ရေးသီးသန့်ရှိမှုအပေါ် စဉ်းစားဆင်ခြင်ခြင်းအပေါ်မူတည်ပြီး) တင်ပြပေးပါမည်။ ဤမူဝါဒအရ တိုင်ချက်တစ်ခုကို တိုင်တန်းခံရသော မည်သူ့ကိုမဆို ကျွန်ုပ်တို့၏ ခံဝန်ချုပ် နှင့် ကျွန်ုပ်တို့၏ HSE & People မူဝါဒများနှင့်အညီ မျှမျှတတ ဆက်ဆံပြုမူပါမည်။

စုံစမ်းစစ်ဆေးရေး ဖြစ်စဉ် ထပ်ဆင့် အသေးစိတ်အချက်အလက်များကို BlueScope ၏ သံသယမကင်းသည့် လက်မခံနိုင်သောလုပ်ရပ်ကို စိစစ်ခြင်းနှင့် စုံစမ်းစစ်ဆေးခြင်းအတွက် လမ်းညွှန်များတွင် ဖော်ပြထားပါသည်။

## သံသယမကင်းသည့် လက်မခံနိုင်သောလုပ်ရပ်နှင့် ဆက်စပ်သည့် အလုပ်သမားများ၏ တာဝန်များ

BlueScope အနေဖြင့် အမှန်တကယ်ဖြစ်သည့် လက်မခံနိုင်သောလုပ်ရပ်ကို သိရှိသည့် သို့မဟုတ် လက်မခံနိုင်သောလုပ်ရပ်ကို သင့်တင့်လျောက်ပတ်စွာ သံသယဖြစ်သည့် အလုပ်သမားတစ်ဦးဦးသည် ဤမူဝါဒအရ တိုင်ချက်တစ်ခုကို တိုင်တန်းမည်ဟု မျှော်လင့်ထားပါသည်။

## ဤမူဝါဒကို ရရှိနိုင်မှု

ဤမူဝါဒကို BlueScope ၏ ရုံးတွင်းအင်ထရာနက်တွင် ရရှိနိုင်ပါသည်၊ ရုံးပြင်ပအားဖြင့် BlueScope ဝက်ဘ်ဆိုက်တွင်လည်း ရရှိနိုင်ပါသည်။ ဤမူဝါဒနှင့်စပ်လျဉ်းသည့် လေ့ကျင့်သင်တန်းကို အားလုံးသော BlueScope အရာရှိများ၊ အလုပ်သမားများနှင့် ကန်ထရိုက်ယူလုပ်သူများအား သင်တန်းပို့ချပေးပါသည်၊ ၎င်းသူတို့၏ အလုပ်ဝင်သင်တန်းနှင့် မဖြစ်မနေမွမ်းမံသင်တန်းတို့၏ တစ်စိတ်တစ်ပိုင်းအဖြစ် ပို့ချပေးသည်။

အကယ်၍ သင်သည် ဤမူဝါဒနှင့်ပတ်သက်၍ ရှင်းလင်းချက်တစ်ခုခု သို့မဟုတ် အချက်အလက်တစ်ခုခု လိုအပ်လျှင် ကျေးဇူးပြု၍ **သင်၏ ဒေသခံ ကျင့်ဝတ်နှင့်လိုက်နာရေးဆိုင်ရာ ကိုယ်စားလှယ်ကိုဆက်သွယ်ပါ** သို့မဟုတ် အီးမေးလ်တစ်စောင်ကို ကျင့်ဝတ်နှင့်လိုက်နာရေး အဖွဲ့အီးမေးလ် **(ethics@bluescope.com)** ဖြင့်ပို့ပါ။

## ပြန်လည်သုံးသပ်ချက်

ဤမူဝါဒကို ၎င်းမှာ ထိရောက်စွာ လုပ်ကိုင်ကြောင်းသေချာစေရန် မကြာမကြာ ပြန်လည်သုံးသပ်ပါမည်။

## အာဏာသက်ရောက်သည့် ရက်စွဲ-

2019 ခုနှစ် ဇူလိုင်လ 1 ရက်